မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ်
သီလဝါ

# Income Restoration Program in Thilawa

## သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(က)မှပြောင်းရွှေ့လူထုများ၏နိုင်ငံသားစိစစ်ရေးကဒ်ပြားရရှိအောင်ကူညီထောက်ပံ့ပေးခြင်း(၂၀၁၇ ခုနှစ် မေလ ၄ ရက်)




ရန်ကုန်တိုင်းဒေသကြီးအစိုးရ (YRG) သည်အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် IRPအဖွဲ့တို့နှင့်ပူးပေါင်း၍ ၂၀၁၇ ခုနှစ် မေ လ ၄ ရက် နေ့တွင်သီလဝါအထူးစီးပွားရေးဇုန်(က)မှ ပြောင်းရွှေ့လူထုများအနက် နိုင်ငံသားစိစစ်ရေးကဒ်ပြား/နိုင်ငံသားစိစစ်သက်သေခံကဒ်ပြားမရှိသူများနှင့်ပျောက်ဆုံးသွားသူ စုစုပေါင်းဦးရေ (၂၀)ဦးအားနိုင်ငံရေးစိစစ်ရေးကဒ်ပြား/နိုင်ငံသားစိစစ်ရေးသက်သေခံကဒ်ပြားလျှောက်ထားခြင်းတို့ပြုလုပ်နိုင်အောင်ဆောင်ရွက်ခဲ့ပါသည်။ ယခုအချိန်တွင် လျှောက်ထားသူထဲမှ ၁၈ဦးအားနိုင်ငံသားစိစစ်ရေးကဒ်ပြား/နိုင်ငံသားစိစစ်ရေးသက်သေခံကဒ်ပြားထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ကျန်ရှိနေသော လျှောက်ထားသူ၂ ဦး၏နိုင်ငံသားပြုခွင့်စိစစ်ရေးကဒ်ပြားများမှာပြုလုပ်နေဆဲဖြစ်ပါသည်။

## Supporting for getting National Registration Card (NRC) of Project Affected Persons (PAPs) of Zone A (4th May 2017)



On 4th May, 2017, Yangon Regional Government (YRG) supported to issue/reissue NRCs for 20 PAPs of Zone A of Thilawa SEZ who had no NRCs and NVCs or had lost NRCs in collaboration with Ministry of Labor, Immigration and Population and Income Restoration Program (IRP) team. Recently, Immigration Department, Ministry of Labor, Immigration and Population had issued NRCs and NVCs for 18 PAPs. The NRCs of remaining PAPs are still in progress.

## အပိုင်း(ခ)မှပြောင်းရွှေ့လူထုများနှင့်တွေ့ဆုံဆွေးနွေးခြင်း (၂၀၁၇ ခုနှစ် မေလ ၂၄ ရက်)




ရန်ကုန်တိုင်းဒေသကြီးအစိုးရ(YRG)နှင့်IRPအဖွဲ့တို့သည်၂၀၁၇ ခုနှစ် မေလ၂၄ရက်နေ့တွင်သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(ခ)မှပြောင်းရွှေ့ရွှေ့လူထုများနှင့်တွေ့ဆုံပြီး ပြန်လည်နေရာချထားသောနေရာရှိအိမ်များသည် ၆လပိုင်းကုန် နောက်ဆုံးထား၍ ဆောက်လုပ်ပြီးစီးရမည် ဖြစ်ကြောင်း၊ ၅လပိုင်းနှင့်၆လပိုင်းအတွက်အိမ်ငှားရမ်းခနှင့်ပြန်လည်နေရာချထားသောနေရာသို့ပြောင်းရွှေ့စရိတ်ကိုရန်ကုန်တိုင်းဒေသကြီးအစိုးရမှပေးဆောင်မည်ဖြစ်ကြောင်း၊ရန်ကုန်တိုင်းဒေသကြီးအစိုးရမှနေအိမ်တွင်လျှပ်စစ်မီတာပုံးတပ်ဆင်ပေးမည်ဖြစ်ပြီး အိမ်တွင်းဝိုင်ယာကြိုးတပ်ဆင်မှုကို အိမ်ရှင်ကိုယ်တိုင်မှလုပ်ဆောင်ရမည်ဖြစ်ကြောင်းစသည့်အကြောင်းအရာများကိုဆွေးနွေးခဲ့ကြပြီးပြောင်းရွှေ့လိုသောအိမ်ထောင်စုများမှမြို့သာယာကျောင်းတွင်ရွှေ့ပြောင်းတက်ရောက်မည့်ကလေးများ၏စာရင်းကိုအတည်ပြုခဲ့ပါသည်။

## Meeting with Project Affected Person (PAPs) of Zone B (24th May 2017)



On 24th May 2017, the Yangon Regional Government (YRG) met with PAPs of Zone B of Thilawa SEZ and discussed the schedule of relocation site arrangement. YRG also explained that on the one hand, electric meter boxes for 90 houses would be installed by YESC, on the other hand, internal wiring should be managed by PAPs. Additionally, the number of households who want to transfer the children to new school were confirmed as 7 children (out of 61 school aged children) for 7 families out of 90 PAHs this year.

Thilawa Resettlement IRP Technical Assistance Team, Address: Corner of Thilawa Development Road & Dagon – Thilawa Road,Thilawa SEZ, Thanlyin Township, Email: irp_information@irpthilawa.com , Phone Number: +959779623649

## ပထမဆုံးအကြိမ်ကျင်းပသောမူလဝင်ငွေအခြေအနေသို့ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်(IRP) ၏အလုပ်ရုံဆွေးနွေးပွဲ (၂၀၁၇ ခုနှစ် ဇွန်လ ၃ ရက်)




IRPအဖွဲ့မှထောက်ပံ့ကူညီမှုဖြင့်ရန်ကုန်တိုင်းဒေသကြီးအစိုးရ(YRG) သည်၂၀၁၇ခုနှစ်ဇွန်လ၃ရက်နေ့တွင်သီလဝါအထူးစီးပွားရေးဇုန် (အပိုင်း(ခ))၏ပြောင်းရွှေ့လူထု၆၃အိမ်ထောင်စုများနှင့်အတူအလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့ပါသည်။အလုပ်ရုံဆွေးနွေးပွဲတွင်ရန်ကုန်တိုင်းဒေသကြီးအစိုးရမှIRPအဖွဲ့၏ရည်ရွယ်ချက်များ၊လုပ်ဆောင်ချက်များကိုပြောင်းရွှေ့လူထုများအားရှင်းလင်းပြောကြားမိတ်ဆက်ခဲ့ပြီးနောက်ပြောင်းရွှေ့လူထုများ၏ယခုလက်ရှိလုပ်ကိုင်နေသောအလုပ်(သို့မဟုတ်)ဝင်ငွေရရှိရေးအခြေအနေကိုသိရှိစေရန်အတွက်တက်ရောက်လာသောပြောင်းရွှေ့လူထုများနှင့်အဖွဲ့၄ဖွဲ့ခွဲ၍အဖွဲ့လိုက် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပါသည်။သီလဝါအထူးစက်မှုဇုန်ထဲတွင်အလုပ်လုပ်လိုသောပြောင်းရွှေ့လူထု၁၅အိမ်ထောင်စုများမှာအဖွဲ့A၊သီလဝါအထူးစီးပွားရေးဇုန်အပြင်ဘက်တွင်အလုပ်လုပ်လိုသောပြောင်းရွှေ့လူထု၁၁အိမ်ထောင်စုများမှာအဖွဲ့B၊မိမိကိုယ်ပိုင်အလုပ်လုပ်လိုသောပြောင်းရွှေ့လူထု၂၁အိမ်ထောင်စုများမှာအဖွဲ့C နှင့်လယ်ယာ လုပ်ငန်းကိုဆက်လက်လုပ်ကိုင်လိုသောအိမ်ထောင်စု၁ စုမှာအဖွဲ့ D စသည်ဖြင့်သက်ဆိုင်ရာအဖွဲ့အသီးသီးတွင်ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

## 1st Consultation Workshop on Income Restoration Program (IRP) (1st June 2017)



The Yangon Regional Government (YRG), which was supported by Income Restoration Program (IRP) Team, conducted consultation workshop on IRP with 63 Project Affected Households (PAHs) of Zone B in Thilawa SEZ on 3rd June, 2017. The YRG explained the concept, objective and potential activities of Income Restoration Program. After that, the group discussion with PAHs was held by dividing four groups to analyze their current issues facing people to get job or/ and stable. The fifteen PAHs who want to work at SEZ participated in Group A, 11 PAHs who want to work outside SEZ participated in Group B, 21 PAHs who want to work to be self-employed participated in Group C and one PAH who want to continue farming participated in Group D.

## မြန်မာနိုင်ငံတွင်အများပြည်သူနှင့်ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင်လူမှုဝန်းကျင်ဆိုင်ရာစဉ်းစားဆင်ခြင်မှုများအတွက်အလေ့အကျင့်ကောင်းများအကြောင်းနှီးနှောဖလှယ်ပွဲ (၂၀၁၇ ခုနှစ် ဇူလိုင် ၂၆-၂၇ ရက်)




မြန်မာနိုင်ငံတွင်အများပြည်သူနှင့်ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင်လူမှုဝန်းကျင်ဆိုင်ရာစဉ်းစားဆင်ခြင်မှုများအတွက်အလေ့အကျင့်ကောင်းများအကြောင်းနှီးနှောဖလှယ်ပွဲကိုဇူလိုင်လ၂၆ရက်နှင့်၂၇ရက်နေ့များတွင်RoseGardenဟိုတယ်တွင်ကျင်းပခဲ့ပါသည်။TSMC၊MJTD၊စီမံကိန်းကြောင့်ပြောင်းရွှေ့နေထိုင်သူများမှကိုယ်စားလှယ်များ၊အစိုးရဌာနမှတာဝန်ရှိသူများနှင့်ဖိတ်ကြားထားသောအဖွဲ့အစည်းများမှအယောက်၅၀ခန့်တက်ရောက်ခဲ့ကြပါသည်။အဆိုပါနှီးနှောဖလှယ်ပွဲတွင်လူမှုပတ်ဝန်းကျင်ဆိုင်ရာစဉ်းစားဆင်ခြင်မှုနှင့်သက်ဆိုင်သောဆောင်ရွက်ချက်များ၊ တာဝန်ယူမှုရှိသောစီးပွားရေးလုပ်ငန်း၊စီးပွားရေးလုပ်ငန်းများ၏လူမှုရေးတာဝန်နှင့်အကျိုးအမြတ်ခွဲဝေအသုံးချခြင်း၊ IRP၏လုပ်ငန်းစဉ်များ၊ လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်း၊ Stakeholderများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊နစ်နာမှုများနှင့်စီမံခန့်ခွဲမှုအစရှိသောအကြောင်းအရာများကိုဆွေးနွေးခဲ့ကြပါသည်။

## Good Practice Social Considerations for Public and Private Developments Seminar (26th- 27th July 2017)




Good Practice Social Considerations for Public and Private Developments Two-Day Seminars were held at Rose Garden Hotel Yangon on 26 – 27 July 2017.About 50 people from Thilawa SEZ Management Committee, MJTD, representatives of relocated people, government officers, and other related stakeholders attended the seminars. These participants discussed about Social Consideration and Performance, Responsible Business, Corporate Social Responsibility and Creating Share Value, Thilawa special economic zone resettlement and IRP processes, Social Impact Assessment & Management, Stakeholder Engagement and Grievance Management.